# နေပြည်တော်နည်းပညာတက္ကသိုလ်

## ကျောင်းသား/သူများလိုက်နာရန်စည်းကမ်းချက်များ

၁။ ကျောင်းမှန်မှန်တက်ရောက်၍ အေးချမ်းစွာပညာသင်ယူရမည်။

၂။ ခိုက်ရန်ဖြစ်ပွားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လုယက်ခြင်း၊ ခိုးယူခြင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းမပြုရ။

၃။ မူးယစ်ဆေးဝါးသယ်ယူခြင်း၊ ထားသိုခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းမပြုရ။

၄။ နိုင်ငံတော်အဆောက်အဦများ၊ ပရိဘောဂများ မပျောက်မပျက်အောင် ကာကွယ်စောင့်ရှောက်ရမည်။

၅။ ကျောင်း၏ ဂုဏ်သိက္ခာ၊ ပါမောက္ခချုပ်နှင့်ဆရာ/မ၊ ကျောင်းသား/သူများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည့် ပြုမူပြောဆိုလုပ်ဆောင်ခြင်းတို့ကို အထူးရှောင်ကြဉ်ရမည်။

၆။ ကျောင်းသား/သူပီသရန် ယဉ်ကျေးသိမ်မွေ့စွာပြုမူပြောဆိုနေထိုင်ရမည်။ ကျောင်းသားများ လက်ကောက်၊ နားကွင်း၊ နားဆွဲ၊ တီရှပ်များဝတ်ဆင်ခြင်း ၊ဆံပင်ရှည်ထားခြင်း(မပြုရ)၊ ဆံပင်အရောင် ဆိုးခြင်း၊ ကျောင်းသား/သူများ အနောက်တိုင်းဝတ်စုံ (ဥပမာ-စကတ်၊တီရှပ်) ဝတ်ဆင်ခြင်းမပြုရ။ သတ်မှတ်ထားသော တူညီဝတ်စုံကိုသာဝတ်ဆင်ရမည်။

၇။ ကျောင်းသား/သူအချင်းချင်း မိသားစု၊ မောင်နှမစိတ်ဓာတ်ဖြင့် ဆက်ဆံ၍ အချင်းချင်းရိုင်းပင်းကူညီရမည်။

၈။ ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၏ ပြောဆိုဆုံးမမှုကိုနာခံရမည်။

၉။ ပါမောက္ခချုပ်၏ ခွင့်ပြုချက်မရရှိဘဲ ကျောင်းဝင်းနှင့် ကျောင်းပိုင်အဆောက်အဦအတွင်း အစည်းအဝေးပြုလုပ်ခြင်း၊ ဟောပြောခြင်း၊ ကြော်ငြာစာတမ်းဝေငှခြင်း၊ ကြော်ငြာစာတမ်းကပ်ခြင်း မပြုလုပ်ရ။

၁၀။ ပါမောက္ခချုပ်၏ ခွင့်ပြုချက်မရရှိဘဲ ကျောင်းပိုင်ပစ္စည်းပရိဘောဂများကို ယူငင်သုံးစွဲခြင်း မပြုရ။

၁၁။ ကျောင်းချိန်အတွင်း ကျောင်းစည်းကမ်းများကို လိုက်နာသကဲ့သို့ ကျောင်းချိန်ပြင်ပတွင်လည်း ရပ်ရွာစည်းကမ်း၊ မြို့ပြစည်းကမ်းနှင့်အညီ ပြုမူပြောဆိုနေထိုင်ရမည်။

၁၂။ ရွေးချယ်ခြင်းခံရသော ဤတက္ကသိုလ်နှင့်သင်တန်းတွင် ပြီးဆုံးသည်အထိ ပြောင်းရွှေ့ခြင်းမပြုဘဲ တက်ရောက်ရမည်။

၁၃။ သတ်မှတ်ထားသော ကျောင်းလခများကို သတ်မှတ်ချိန်အတွင်း ပေးသွင်းရမည်။

၁၄။ အေးချမ်းစွာပညာသင်ကြားရေးကိုထိခိုက်စေမည့် ပြုမူပြောဆိုလုပ်ဆောင်ခြင်းတို့ကို အထူးရှောင်ကြဉ်ရမည်။

၁၅။ ကျောင်းမှအခါအားလျော်စွာထုတ်ပြန်သည့် စည်းကမ်းများကိုတိကျစွာလိုက်နာရမည်။

၁၆။ မည်သည့်တက္ကသိုလ် /ကောလိပ် နှင့်မျှ ဤတက္ကသိုလ်အား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စာသင်နှစ်တစ်ခုတည်းတွင် တက်ရောက်ခွင့် မရှိကြောင်းကို သိရှိပြီး တက်ရောက်ခဲ့ပါက ဤတက္ကသိုလ် မှ ထုတ်ပယ်သည်အထိအရေးယူခြင်းကိုခံယူရပါမည်။

၁၇။ နေ့စဉ်ကျောင်းချိန်မီအောင် လာရောက်ရမည်။

၁၈။ ကျောင်းသို့လာရောက်သည့် အချိန်တိုင်းတွင် ကျောင်းသားကတ်အား မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည်။

၁၉။ ကျောင်းမှကျင်းပသည့် စာမေးပွဲတိုင်းကို မပျက်မကွက် (မပျက်မကွက်)ဖြေဆိုရမည်။

၂၀။ ပညာသင်ကြားသည့် နှစ်ဝက်ကျောင်းတက်ချိန်တိုင်းအတွက် ကျောင်းတက်ရာခိုင်နှုန်း ၇၅%ပြည့်မီအောင်တက်ရောက်ရမည်။

၂၁။ ဘာသာရပ်အလိုက် Tutorial, Practical, Practical Exam နှင့် Assignment များကို မပျက်မကွက်ဆောင်ရွက်ရမည်။

၂၂။ မသမာသောနည်းလမ်းများဖြင့် စာမေးပွဲဖြေဆိုခြင်းများ တွေ့ရှိရပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် တည်မြဲအမိန့်အတိုင်း ကျူးလွန်သည့် အကြောင်းအရာနှင့်ပြစ်ဒဏ်အလိုက် အရေးယူဆောင်ရွက်ခြင်းခံရမည်။

အထက်ဖော်ပြပါစည်းကမ်းချက်များအားသိရှိလိုက်နာပါမည်ဟုလက်မှတ်ရေးထိုးပါသည်။

| | (မိဘ/အုပ်ထိန်းသူလက်မှတ်) | | (ကျောင်းသား/ကျောင်းသူလက်မှတ်) |
|---|---|---|---|
| အမည် | ------------------------------------- | အမည် | ------------------------------------- |
| နိုင်ငံသားစိစစ်ရေး | | နိုင်ငံသားစိစစ်ရေး | |
| ကတ်ပြားအမှတ် | ------------------------------------- | ကတ်ပြားအမှတ် | ------------------------------------- |
| အလုပ်အကိုင် | ------------------------------------- | အတန်း | ------------------------------------- |
| နေရပ်လိပ်စာ | ------------------------------------- | နေရပ်လိပ်စာ | ------------------------------------- |